ကမ်းဖြူကျေးရွာ
ကမ်းဖြူကျေးရွာအုပ်စု၊ ဝက်လက်မြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကမ်းဖြူကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဝက်လက်မြို့၏
အကူအညီဖြင့် ရေးဆွဲပါသည်။)

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ

မာတိကာ

		စာမျက်နှာ
၁။	တည်နေရာနှင့်ပထဝီအနေအထား	၁
၂။	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၁
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၁
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	၂
	(ခ) မွေးမြူရေးလုပ်ငန်း	၂-၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	၃
	(ဃ) စီးပွားကူးသန်းရောင်းဝယ်ရေး	၃
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၃
၅။	အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၄
	(ခ) ကျေးရွာမီးလင်းရေး	၄
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၄
၆။	ပညာရေး	၅
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	၅
၈။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၅
၉။	ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ	၆
၁၀။	ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	၇-၈
	နောက်ဆက်တွဲ(၁) - ကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယား	၉
	အဆိုပြုစီမံချက်ရွေးချယ်မှု ရမှတ်ပေါင်း	၁၀
	နောက်ဆက်တွဲ(၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ	

၁။ တည်နေရာနှင့် ပထဝီအနေအထား

ကမ်းဖြူကျေးရွာသည် ကမ်းဖြူကျေးရွာအုပ်စုတွင် ပါဝင်ပြီး ဝက်လက်မြို့၏ အရှေ့ဘက်အဝိုင်း ဧရာဝတီမြစ်ဘေးတွင်တည်ရှိပြီး အရှေ့မှ အနောက်သို့(၁.၅)မိုင်နှင့် တောင်မှ မြောက်သို့ (၁၅)မိုင် ရှည်လျားပါသည်။ ဝက်လက်မြို့နှင့်(၁၅)မိုင်ကွာဝေးပါသည်။ ကမ်းဖြူ ကျေးရွာ၏ ဧရိယာမှာ (၂.၅)စတုရန်းမိုင်ကျယ်ဝန်းပါသည်။ ကမ်းဖြူကျေးရွာ၏ အရှေ့ဘက် တွင် ဧရာဝတီမြစ်တည်ရှိပြီး တဖက်ကမ်းတွင် မတ္တရာမြို့နယ်ရှိပါသည်။ မြောက်ဘက်တွင် နတ်မှော်ဦး ကျေးရွာနှင့် ရေလည်မော်ကျေးရွာများ နီးကပ်စွာတည်ရှိပြီး တောင်ဘက်တွင် ရွာသာကျေးရွာ၊ မင်းရွာတောင်ကျေးရွာ၊ အင်ဒေါင်းကျေးရွာ စသည့်ကျေးရွာများ နှင့် ဆက်စပ်လျက်ရှိပါသည်။ ကမ်းဖြူကျေးရွာ၏ အနောက်ဘက်တွင် ကုန်းမြေများ၊ လယ်ကွင်းများနှင့် မြေလွတ်မြေရိုင်းများ ပေါများစွာရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကမ်းဖြူကျေးရွာသည် ခြောက်သွေ့သော ရာသီဥတုရှိပြီး အမြင့်ဆုံး အပူချိန်(၄၂) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်(၃၀)ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ သဘာဝ အရင်းမြစ်များမှာ ထနောင်း၊ တမာ၊ မန်ကျည်း၊ သရက်၊ ကုက္ကိုလ်၊ သပြေနှင့် အခြား အမျိုးအစား သစ်ပင်များစွာ ပေါက်ရောက်လျက်ရှိပါသည်။ ကြီးမားသော တောရိုင်းတိရစ္ဆာန်မရှိပါ။ တောနေတိရစ္ဆာန်များ ဖြစ်ကြသော ယုန်၊ ဖား၊ ကြွက်၊ မြွေ၊ တောကြွက်၊ ဘဲနှင့် ငှက်အမျိုးအစား စုံလင်စွာ ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကမ်းဖြူကျေးရွာသည် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ အသင့် အတင့် ရှိပါသည်။ ကျေးရွာ၏ လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ ကျေးရွာ အတွင်း အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပါသည်။ ထိုအဖွဲ့အစည်းများမှာ ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ကာလသားအမျိုးသား/အမျိုးသမီးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျေးရွာမီးသတ်အဖွဲ့များ ဖွဲ့စည်းထားရှိပါသည်။ သို့သော် အဖွဲ့အစည်းအချို့မှာ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုအားနည်းလျက်ရှိပါသည်။ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ပြီး ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွား မည့် အဖွဲ့အစည်း ဖြစ်ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကမ်းဖြူကျေးရွာတွင် လယ်မြေ(၄)ဧက၊ ယာမြေ(၄၃၃)ဧက၊ စုစုပေါင်း (၄၃၇)ဧက ရှိပါသည်။ ယာမြေတွင် မြေပဲအဓိကအားထားစိုက်ပျိုးသော အရပ်ဒေသဖြစ်ပါသည်။ (၂.၅ဧက အောက်) တောင်သူငယ်များနှင့် (၂.၅ဧကမှ ၅ဧကကြား) တောင်သူလတ်ဦးရေများပြားပြီး တောင်သူကြီးဦးရေ နည်းပါးပါသည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများမှာ

ကျေးရွာရှိ အိမ်ထောင်စုပေါင်း၏(၇၀%)ရှိပါသည်။ ယခင်ကမြို့များနှင့် ကွာဝေးပြီး လမ်းပန်း ဆက်သွယ်ရေးခက်ခဲပါသည်။ ယခုအခါ မြစ်ကြီးနားသို့ တိုက်ရိုက်ဆက်သွယ်ထားသော အမှတ်(၃) ခရိုင်ချင်းဆက်လမ်းပေါ်သို့ ကျေးရွာအနောက်ဖက်မှ (၂)မိုင်ခန့်ကွာဝေးသော ဂျင်းလမ်းကိုဖြတ်သန်း ပြီး သွားလာရပါသည်။ ထိုအမှတ်(၃)ခရိုင်ချင်းဆက်လမ်းပေါ်ရောက်လျှင် စစ်ကိုင်း၊ မန္တလေး၊ ဝက်လက်၊ ရွှေဘိုမြို့များသို့ လွယ်ကူစွာ ကားဖြင့် သွားလာနိုင်ပါသည်။

မြေယာမဲတောင်သူများမှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ လုပ်သား(လက်သမား၊ ပန်းရံ၊ သံဂဟော၊ ကုန်ကားနောက်လိုက်၊ ကားမောင်း အသက်မွေးခြင်း)ဖြင့် ဝင်ငွေရှာ၍ မိသားစုစားဝတ်နေရေးရပ်တည်ကြပါသည်။ မိုးကောင်းတောအရပ်ဒေသဖြစ်ပြီး သီးနှံ စိုက်ပျိုးချိန် လုပ်သားများအမြင့်ဆုံးဝင်ငွေရရှိကြခြင်းနှင့် ရောင်းဝယ်ရေးလုပ်ကိုင်ရာတွင် လမ်းများ ကောင်းခြင်း၊ ရွှေဘို၊ စစ်ကိုင်း၊ မန္တလေး၊ ဝက်လက် စသည့်မြို့များနှင့် လွယ်ကူစွာဆက်သွယ် နိုင်သည့် အရပ်ဒေသဖြစ်ပါသည်။ ရှိမ္ဘကားသို့ ကုန်းရောင်းကုန်ဝယ်သွားလျှင် ရေလမ်း၊ ကုန်းလမ်း (၂)မျိုးစလုံး အသုံးပြုနိုင်ပါသည်။ မိုးကောင်းတောအရပ်ဒေသဖြစ်ပြီး စိုက်ပျိုးချိန် သဘာဝမိုးရေကို အသုံးပြုရသည့် အရပ်ဒေသဖြစ်ပါသည်။ သဘာဝမိုးရာသီဥတု ကောင်းမွန်ညီညွတ်သည့် နှစ်ကာလ တွင် စိုက်ပျိုးသီးနှံအထွက်နှုန်းကောင်းမွန်ခြင်းကိုခံစားရပြီး ကောင်းသောအကျိုးကျေးဇူးများရရှိကြ ပါသည်။ဧရာဝတီမြစ်ကမ်းဘေးတွင်တည်ရှိပါသော်လည်းမြစ်ရေတင်စိုက်ပျိုးနိုင်ခြင်းမရှိပါ။လယ်ယာ လုပ်ငန်းခွင်တွင် အသုံးပြုကြရသော လယ်ထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက် စသည့် စက်ကြီး များကို အလွယ်တကူငှားရမ်းအသုံးပြုနိုင်သည့် အခြေအနေကောင်းများ ရရှိကြပါသည်။ မိုးလေဝသ ညီညွတ်သည့်နှစ်တွင်သီးနှံများပိုးကြခြင်းမရှိပဲ ထွက်နှုန်းကောင်းကြပါသည်။မိုးခေါင်ခြင်း၊ စိုက်ပျိုး သီးနှံဖျက်ပိုးများကျရောက်ခြင်းစသည့်နှစ်များလည်းတောင်သူများတွေ့ကြုံခံစားကြရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကမ်းဖြူကျေးရွာတွင် နွားကို တောင်သူများအနေဖြင့် ရှေးယခင်က လယ်ယာသုံး တိရိစ္ဆာန်အဖြစ် အဓိကအားထားမွေးမြူကြပါသော်လည်း ယခုခေတ်တွင် စက်ကရိယာများကို အလေးထား ဆောင်ရွက်လာနိုင်ကြခြင်း ၊ ကိုယ်ပိုင်ဝယ်ယူခြင်း မရှိသော်လည်း အခကြေးငွေသတ် မှတ်ချက်နှင့်အညီ ငှားရမ်းအသုံးပြုနိုင်ခြင်းတို့ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ကြပါသည်။ ထို့ကြောင့် ကမ်းဖြူကျေးရွာသည် တောင်သူဦးရေ၊ လယ်ဧကနှင့် နွားအကောင်အရေအချိုးကျရောက်ခြင်း ရှိသည်ကို ဖော်ပြပါသည်။ ကြက်၊ ဝက်၊ ဘဲ စသည့် တိရိစ္ဆာန်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူခြင်း သာရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကမ်းဖြူကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း များမှာ လက်သမား၊ ပန်းရံ၊ သံပန်းသံဂဟော၊ ဆိုင်ကယ်ပြင်၊ စက်ဘီးပြင်၊ ဆံပင်ညှပ်၊ အလှပြင်၊ အပ်ချုပ်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်နှင့် ဥယျာဉ်ခြံများတွင် အငှားလုပ်ကိုင်သူ၊ လယ်ယာစိုက်ပျိုးရေးတွင် အငှားလုပ်ကိုင်သူ၊ စိုက်ပျိုးရိတ်သိမ်းချိန် လုပ်သားလုပ်ခြင်း၊ ကျပန်းလုပ် ငန်းများစသည့် လုပ်ငန်းများထဲမှ သင့်လျော်သည့်လုပ်ငန်းများ လုပ်ကိုင်ကြခြင်းဖြင့် အသက်မွေး

ဝမ်းကျောင်းပြုကြပါသည်။ ယခင်နှင့်မတူ ယခုအခါ ကွာဝေးပါသော်လည်း လမ်းပန်းဆက်သွယ်ရေး လွယ်ကူလာပါသဖြင့် မြို့သို့ အသွားအလာလွယ်ကူခြင်းကြောင့် ကားမောင်းခြင်းများဖြင့်လည်း အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။

(ဃ) စီးပွားကူးသန်းရောင်းဝယ်ရေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ မြေပဲ၊ နှမ်း စသည်တို့ အဓိက ထွက်ကုန်အဖြစ် ရောင်းဝယ်ကြပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကမ်းဖြူကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများ အားလုံး ချေးငွေထုတ်ယူသုံးစွဲကြခြင်း၊ ကျေးရွာသို့ ပြင်ပမှလာရောက်ချေးငွေထုတ်ချေးပေးသည့် ပက်မြန်မာ၊ ပရော်စီမီတီ စသည့် ငွေချေးအဖွဲ့အစည်းများမှလည်း ချေးငွေထုတ်ယူသုံးစွဲကြပါ သည်။ ကာလတို ချေးငွေများကိုသာ ထုတ်ယူသုံးစွဲကြရပါသည်။ လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ပုံစံ(၇)ကို ပေါင်နှံ အပ်နှံရပြီး ပြင်ပအဖွဲ့အစည်းချေးငွေအဖွဲ့အား အပေါင်ခံပစ္စည်းအပ်နှံမှု မပြုလုပ်ရပါ။ အချို့မှာ ဆွေမျိုးသားချင်းများထံမှ ချေးငှားခြင်းကို ပြုလုပ်ကြပါသည်။ ကာလရှည်ချေးငွေကို အတိုးနှုန်း နည်းပါးစွာဖြင့် ကျေးရွာသူ/သားများ ချေးယူရရှိပါက မိမိတို့၏ စီးပွားလုပ်ငန်းများတွင် ပိုမိုရင်းနှီး မြှုပ်နှံလာနိုင်မည်ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကမ်းဖြူကျေးရွာတွင် စက်ဘီးများကို ကျောင်းသူ/သားများ ကျောင်းသွားလာရေး အတွက် အသုံးပြုကြပြီး မော်တော်ဆိုင်ကယ်ကို အချို့သော သွားလာရေးကိစ္စနှင့် စီးပွားရေးကိစ္စ များတွင် အသုံးပြုကြပါသည်။ ဆိုင်ကယ်စီးရေ(၆၉)စီး၊ ထော်လာဂျီ(၄)စီး၊ ကား(၃)စီး ၊ နွားလှည်း (၄၁)စီး၊ မြစ်ကြောင်းသုံးစက်လှေ(၁၆)စင်းရှိပါသည်။ သယ်ယူပို့ဆောင်ရေးတွင် အဓိကအသုံးပြု ကြပါသည်။ ကမ်းဖြူကျေးရွာသည် မြစ်ကြောင်းကို အသုံးပြုပါသည်။ ကမ်းဖြူကျေးရွာသည် ဧရာဝတီမြစ်ကြောင်းအတွင်း စက်လှေကိုသာ အသုံးပြုကြပါသည်။ မြစ်ကြောင်းအတိုင်း မန္တလေးမြို့ သို့ သွားရောက်ကြပါသည်။ ရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ပါသည်။ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေး စိမံကိန်း ဦးစားပေးစီမံချက်ဖြစ်သော ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းကို ဆောင်ရွက်လျှက် ရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကမ်းဖြူကျေးရွာသည် မြန်မာ့လျှပ်စစ်မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိ သော ကျေးရွာဖြစ်ပါသည်။ ယခင်လျှပ်စစ်မီးမရရှိမီ ကာလတွင် ဆိုလာနှင့် အခြားမီးလင်းရေးများကို သုံးစွဲကြပါသည်။ ယခုအခါ လျှပ်စစ်မီးသုံးစွဲသူဦးရေ(၅၃)ဦးနှင့် ဆိုလာမီးသုံးစွဲသူ(၃)ဦးတို့ ရှိကြပါ သည်။ လျှပ်စစ်မီးမသုံးစွဲသူ(၃၉)ဦးမှာ အခြားမီးလင်းရေးကို အသုံးပြုကြပါသည်။

(၈) သတင်းနှင့် ဆက်သွယ်ရေး

ကမ်းဖြူကျေးရွာတွင် သတင်းဆက်သွယ်ရေး အချက်အလက်များကို ဖုန်း(၁၃၂)လုံး၊ ရေဒီယို(၄)လုံး၊ တီဗွီ(၄၅)လုံး၊ ဂြိုလ်ထုစလောင်း(၃၃)လုံး စသည်တို့ရှိပြီး ကျေးရွာမှာ(၂၄)နာရီ လျှပ်စစ်မီးရရှိခြင်း၊ မြို့သို့သွားရာလမ်းမှာ ကောင်းမွန်သော်လည်းဝေးကွာခြင်းတို့ကြောင့် ဖွံ့ဖြိုးမှု အားနည်းခြင်းနှင့် ကျေးရွာနေပြည်သူများ အသိဉာဏ်ကြွယ်ဝမှုနည်းပါးခြင်း အနေအထားရှိသော ကျေးရွာဖြစ်ပါသည်။

၆။ ပညာရေး

ကမ်းဖြူကျေးရွာတွင် ဘွဲ့ရသူဦးရေ(၂၉)ဦး မူလတန်းအဆင့်ပညာပြီး မြောက်မှု(၃၄၃) ဦး၊အလယ်တန်းပညာပြီးမြောက်မှု (၇၄)ဦး၊အထက်တန်းပြီးမြောက်မှု(၃၅)ဦး ရှိပါသည်။

ကမ်းဖြူကျေးရွာတွင် ယခုလက်ရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်တို့တွင် ပညာသင်ကြားနေသော လူဦးရေမှာ (၁၂၀)ဦးရှိပြီး အမျိုးသား/သမီးဦးရေ ညီမျှမှု ရှိပါသည်။ ကျေးရွာတွင် အလယ်တန်း(ခွဲ)စာသင်ကျောင်းအဆင့်ရှိပြီး အထက်တန်းကျောင်းသို့ (၅)မိုင်ခန့်ကွာဝေးသော ရှိမ္မကားကျေးရွာ အထက်တန်းကျောင်းသို့ ကျောင်းတက်ခြင်း အရေ အတွက်များပြီး အချို့မှာ(၂၀)မိုင်ခန့်ကွာဝေးသော ဝက်လက်မြို့ အထက်တန်းကျောင်းများသို့ လည်းကောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းများသို့ ကျောင်းအိပ်ကျောင်းစားနေကြခြင်းဖြင့် အထက်တန်းပညာကို သင်ယူမှုပြုကြပါသည်။ ကမ်းဖြူကျေးရွာတွင်နေထိုင်သူ စီးပွားရေးချို့တဲ့သူ များအနေဖြင့် သားသမီးများကို ကျေးရွာတွင်ရှိသော အလယ်တန်းကျောင်း(ခွဲ)တွင်သာ အပ်နှံ ထားရှိမှုဖြင့်သာ ပြီးဆုံးရပြီး ဘွဲ့ရရှိနိုင်သည့် ပညာဆုံးခန်းတိုင်အောင် သင်ကြားနိုင်မှု မပြုကြပါ။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကမ်းဖြူကျေးရွာတွင် အဖြစ်များသည့်ရောဂါဟူ၍မရှိပဲ ဝမ်းပျက်ဝမ်းလျော၊ သွေးလွန်တုပ်ကွေး၊ တီဘီ၊ ဆီးချို၊ သွေးတိုးရောဂါများ အနည်းအကျဉ်းသာ ဖြစ်ပွားလျက်ရှိပါသည်။ ကျေးရွာ တွင် ရွာတွင်း၌ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ရှိပါသည်။ ရှိမ္မကားတိုက်နယ်ဆေးရုံမှာ (၃)မိုင်မှ (၅)မိုင်အကွာအဝေးတွင်ရှိပြီး ကျေးရွာနယ်နိမိတ်အတွင်း တည်ရှိလျက်ရှိပါသည်။ ဝက်လက်မြို့နယ် ဆေးရုံနှင့်ခရိုင်ဆေးရုံ(ရွှေဘိုမြို့)သို့ သွားလာရေးလွယ်ကူစွာ ကုသမှုခံယူခြင်း ဆောင်ရွက်နိုင်သည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာကျေးလက်ကျန်းမာရေးဌာန(ခွဲ)မှ ကာကွယ်ဆေး ထိုးနှံမှုများ အစဉ်ပြု လုပ်လျက်ရှိပါသည်။ ရွာတွင်းဆေးဆိုင်မရှိပါ။ ရှိမ္မကားကျေးရွာမှ ဆေးဆိုင်တွင် ဝယ်ယူမှုပြုနိုင် ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကမ်းဖြူကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခံစားရခြင်း နည်းပါးပါသည်။ တခါတရံလေမုန်တိုင်းတိုက်ခတ်ခြင်း ဖြစ်ပေါ်လေ့ရှိပါသည်။ သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေး အနေဖြင့် အမှိုက်စွန့်ပစ်ရာတွင် စနစ်တကျ စည်းကမ်းအလိုက်စွန့်ပစ်နိုင်ရေး အမှိုက်ကင်းစင် နယ်မြေအဖြစ် သတ်မှတ်နိုင်ရေးတို့အတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်လိုအပ်နေ ပါသည်။

သို့မှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုးဆိုးကျိုးကိုခွဲခြားတတ်ခြင်း ဖြစ်ပေါ်လာပါသည်။ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို နည်းစနစ်မှန်စွာ၊ စိတ်ပါဝင်စားစွာဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လာမည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကမ်းဖြူကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသား အမျိုးသမီးဦးရေ များပြားစွာတွေ့ရှိရပါသည်။ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်ဖွဲ့စည်းမှုအားနည်းပါသည်။အမျိုးသမီးများလည်း အမျိုးသားများနှင့်တန်းတူ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပါဝင်ဦးဆောင်နိုင်သည့် အနေအထားများရှိလာပါက ကျေးရွာသည် ပိုမိုတိုးတက်လာနိုင်ပါသည်။ကျေးရွာတွင် လယ်ယာစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များတွင် အမျိုးသားများသည် အများဆုံးလုပ်အားခ(၁၀၀၀၀)၊ လုပ်ငန်းရှားပါးချိန်တွင် လုပ်အားခ(၇၀၀၀)၊အမျိုးသမီးများ အများဆုံးလုပ်အားခ(၇၀၀၀)နှင့် အနည်းဆုံး(၃၀၀၀)တို့ ရရှိသည့် အနေအထားဖြစ်ပါသည်။ထို့ကြောင့် အမျိုးသမီးများကို အမျိုးသားများနှင့်တန်းတူ လုပ်နိုင်ကိုင်နိုင် စီမံခန့်ခွဲနိုင်သည့် အနေအထားဖြစ်နိုင်သည့် အခြေအနေမျိုး ဖြစ်လာစေရေး ပူးပေါင်းဖိတ်ခေါ် ဆောင်ရွက်သင့်ပါသည်။နယ်မြေများလုံခြုံအေးချမ်းသည့် အရပ်ဒေသဖြစ်ပြီး မှုခင်းများဖြစ်သော လူကုန်ကူးမှု၊ခိုးမှု၊မူးယစ်ဆေးဝါးသုံးစွဲမှု၊ အကြမ်းဖက်မှုများ ဖြစ်ပေါ်ခြင်း မရှိပါ။

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဝက်လက်မြို့နယ် ၊ ကမ်းဖြူကျေးရွာအုပ်စု၊ ကမ်းဖြူကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	သွားလာရေးဆိုင်ရာ အဆောက်အဦး	ရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်း	၁
၂	လူမှုရေးဆိုင်ရာ အဆောက်အအုံ	အလယ်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း	၂
၃	လူမှုရေးဆိုင်ရာ အဆောက်အအုံ	လူမှုရေးကားနှင့် ကားထားရန် အဆောက်အဦးဆောက်ခြင်း	၃
၄	လူမှုရေးဆိုင်ရာ အဆောက်အအုံ	သန့်ရှင်းသော သုံးရေ လွယ်ကူစွာ ရရှိလိုခြင်း	၄
၅	လူမှုရေးဆိုင်ရာ အဆောက်အအုံ	ကျန်းမာရေးဌာန အဆင့်မြင့်ရှိ အဆောက်အဦး တိုးချဲ့ဆောက်လိုခြင်း	၅

ဝက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် ကမ်းဖြူကျေးရွာအုပ်စု ကမ်းဖြူကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ဦးစားပေးစီမံချက်

စဉ်	စီမံချက်(Project)	ဦးစားပေးအဆင့်	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄
၁	ရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်း	၁	✓				
၂	အလယ်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း	၂		✓			
၃	လူမှုရေးကားနှင့် ကားထားရန် အဆောက်အဦးဆောက်ခြင်း	၃			✓		
၄	သန့်ရှင်းသော သုံးရေ လွယ်ကူစွာ ရရှိလိုခြင်း	၄				✓	
၅	ကျန်းမာရေးဌာန အဆင့်မြင့်ရရှိ အဆောက်အဦး တိုးချဲ့ဆောက်လိုခြင်း	၅					✓

ဝက်လက်မြို့နယ် ၊ ကမ်းဖြူကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	မိုးရာသီ သွားလာရ ခက်ခဲခြင်း	လမ်းမကောင်းခြင်း	လိုအပ်သော မြေနေရာရှိခြင်း	ငွေကြေး	သက်ဆိုင်ရာဌာန+ ပြည်သူထည့်ဝင်ငွေ	ရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်း
၂	ကျေးရွာရှိ စာသင်ကျောင်း အဆင့်နှင့်ကိုက်ညီသော အဆောက်အဦးရှိလိုခြင်း	အလယ်တန်းအဆင့်မြှင့် စာသင်ကျောင်းဆောင် ဆောက်လိုခြင်း	လိုအပ်သော မြေနေရာရှိခြင်း	ငွေကြေး	သက်ဆိုင်ရာဌာန+ ပြည်သူထည့်ဝင်ငွေ	အလယ်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း
၃	အလွယ်တကူ သွားလာရန် ခက်ခဲခြင်း	အရေးပေါ်ဆေးကုသ သွားရန် ခက်ခဲခြင်း	အဆောက်အဦးဆောက်ရန် မြေနေရာ ရှိခြင်း	ငွေကြေး	ပြည်သူထည့်ဝင်ငွေ	လူမှုရေးကားနှင့် ကားထားရန် အဆောက်အဦးဆောက်ခြင်း
၄	နွေရာသီ မြစ်ရေ ဝေးကွာခြင်း/ သန့်ရှင်းခြင်း	အများသုံးရေလိုအပ်ခြင်း	လုပ်အား	ငွေကြေး	သက်ဆိုင်ရာဌာန+ ပြည်သူထည့်ဝင်ငွေ	သန့်ရှင်းသော သုံးရေ လွယ်ကူစွာ ရရှိလိုခြင်း
၅	အသည်းအသန် ဝဒနာသည် များ အခြားသို့ သွားရောက် ကုသရခြင်း	ကျန်းမာရေးဌာန အဆင့်မြှင့်လိုခြင်း	လိုအပ်သော မြေနေရာရှိခြင်း	ငွေကြေး+ ကျန်းမာရေးဆရာ မ	သက်ဆိုင်ရာဌာန+ ပြည်သူထည့်ဝင်ငွေ	ကျန်းမာရေးဌာန အဆင့်မြင့်ရ၍ အဆောက်အဦး တိုးချဲ့ဆောက်လိုခြင်း

ဝက်လက်မြို့နယ် ၊ ကမ်းဖြူကျေးရွာ အဆိုပြုစီမံချက်ရွေးချယ်မှု ရမှတ်ပေါင်း

စဉ်	စီမံချက်	အမှတ်ပေးသူ ၁	အမှတ်ပေးသူ ၂	အမှတ်ပေးသူ ၃	အမှတ်ပေးသူ ၄	အမှတ်ပေးသူ ၅	အမှတ်ပေးသူ ၆	အမှတ်ပေးသူ ၇	အမှတ်ပေးသူ ၈	အမှတ်ပေးသူ ၉	အမှတ်ပေးသူ ၁၀	ရမှတ်စုစုပေါင်း
၁	ရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်း	၁၀	၅	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၉၅
၂	အလယ်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း	၆	၁၀	၅	၉	၉	၁	၅	၁	၅	၁	၅၂
၃	လူမှုရေးကားနှင့် ကားထားရန် အဆောက်အဦးဆောက်ခြင်း	၉	၁	၁	၇	၁	၁	၄	၁	၅	၁၀	၄၀
၄	သန့်ရှင်းသော သုံးရေ လွယ်ကူစွာ ရရှိလိုခြင်း	၅	၁	၁	၈	၁၀	၁	၂	၁	၃	၁	၃၃
၅	ကျန်းမာရေးဌာန အဆင့်မြှင့်ရ၍ အဆောက်အဦး တိုးချဲ့ဆောက်လိုခြင်း	၇	၁	၁	၆	၁	၁	၃	၁	၁	၁	၂၃

ကမ်းဖြူကျေးရွာ ကော်မတီဝင်စာရင်း

တိုင်းဒေသကြီး	မြို့နယ်	ကျေးရွာအုပ်စု	ကျေးရွာ	ကော်မတီဝင်အမည်	ကျား/မ	ကော်မတီအမည်	ရာထူး	အခြားရာထူး
စစ်ကိုင်း	ဝက်လက်	ကမ်းဖြူ	ကမ်းဖြူ	ဦးမောင်စိုး	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	ဥက္ကဋ္ဌ	ဥက္ကဋ္ဌ (ဝယ်ယူရေး ဆပ်ကော်မတီ)
စစ်ကိုင်း	ဝက်လက်	ကမ်းဖြူ	ကမ်းဖြူ	ဦးဇော်နိုင်ဦး	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	ဘဏ္ဍာရေးမှူး	ဘဏ္ဍာရေးမှူး (ဝယ်ယူရေး ဆပ်ကော်မတီ)
စစ်ကိုင်း	ဝက်လက်	ကမ်းဖြူ	ကမ်းဖြူ	ဦးဖိုးစိုး	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အတွင်းရေးမှူး	စာရင်းကိုင် (ဝယ်ယူရေး ဆပ်ကော်မတီ)
စစ်ကိုင်း	ဝက်လက်	ကမ်းဖြူ	ကမ်းဖြူ	ဦးကျော်ဆင့်	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	စာရင်းကိုင်	စေတနာ့ဝန်ထမ်း
စစ်ကိုင်း	ဝက်လက်	ကမ်းဖြူ	ကမ်းဖြူ	ဦးဌေးမောင်	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အဖွဲ့ဝင်	စေတနာ့ဝန်ထမ်း
စစ်ကိုင်း	ဝက်လက်	ကမ်းဖြူ	ကမ်းဖြူ	ဦးထွန်းကျော်သိန်း	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အဖွဲ့ဝင်	စေတနာ့ဝန်ထမ်း
စစ်ကိုင်း	ဝက်လက်	ကမ်းဖြူ	ကမ်းဖြူ	ဦးနေလင်းအောင်	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အဖွဲ့ဝင်	စေတနာ့ဝန်ထမ်း

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		**ကျား**	**မ**	**စုစုပေါင်း**
၁ နှစ် အောက်	နို့စို့အရွယ်	၅	၇	၁၂
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၅	၈	၂၃
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၂	၁၆	၃၈
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၈	၁၅	၄၃
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၆၀	၁၉၀	၃၅၀
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၇	၉	၁၆
စုစုပေါင်း		၂၃၇	၂၄၅	၄၈၂
စုစုပေါင်း အိမ်ထောင်စု		၉၅		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကမ်းဖြူကျေးရွာတွင် နို့စို့ကလေးအရွယ် အလွန်းနည်းပါးပါသည်။ (၆၅)နှစ်ထက် သက်ကြီးရွယ်အိုး နည်းပါးပါသည်။ အလုပ်လုပ်နိုင်သူ လူငယ်လူလတ် အရေအတွက်များပြားသဖြင့် စီးပွားရေးလုပ်ကိုင်နိုင်သူဦးရေများပြားသည်ကို တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၇	၂၅၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၄၈	၁၀၀	၁၄	မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □□□□လတ် □□□□နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □□□□လတ် □□□□နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □